# အသည်းရောင် အသားဝါရောဂါ ဘီ ကာကွယ်ဆေး

## သိသင့်သည့်အချက်များ

### 1 ဘာလို့ ကာကွယ်ဆေးထိုးရသလဲ၊

**အသည်းရောင်အသားဝါ ဘီက အန္တရာယ်ကြီးတဲ့ရောဂါ ဖြစ်ပါတယ်။** အသည်းရောင်အသားဝါ ဘီ ဗိုင်းရပ်စ် (HBV)ကြောင့် ရေတို (ရုတ်တရက်) ဖျားနာပြီး

- အစားအသောက်ပျက်တာ
- ဝမ်းလျှောပြီး အန်တာ
- မောတာ
- အသားဝါတာ (အသား ဒါမှမဟုတ် မျက်လုံးတွေဝါတာ)
- ကြွက်သားတွေ၊ အဆစ်အမြစ်တွေနဲ့ ဗိုက်နာတာတို့ ဖြစ်နိုင်ပါတယ်။

ရေရှည် (နာတာရှည်) ရောဂါတွေလည်းဖြစ်စေနိုင်ပြီး

- အသည်းပျက်စီးတာ (အသည်းရွတ်ရောဂါ)
- အသည်းကင်ဆာ
- သေတာတို့လည်း ဖြစ်နိုင်ပါတယ်။

အမေရိကန်နိုင်ငံမှာ လူပေါင်း 1.25 သန်းလောက်မှာ HBV နာတာရှည်ရောဂါပိုး ရှိနေပါတယ်။

နှစ်စဉ်

- များသောအားဖြင့် လူငယ်ပိုင်း အယောက် 80,000 HBV ပိုးရပါတယ်။
- အသည်းရောင်အသားဝါ ဘီကြောင့် လူ 11,000 ကျော် ဆေးရုံတက်ရပါတယ်။
- အသည်းရောင်အသားဝါ ဘီ နာတာရှည်ဖြစ်လို့ လူ 4,000 က 5,000 သေဆုံးတယ်လို့ ခန့်မှန်းထားပါတယ်။

**အသည်းရောင်အသားဝါ ဘီ ကာကွယ်ဆေးနဲ့ အသည်းရောင်အသားဝါ ဘီကို ကာကွယ်နိုင်ပါတယ်။** ဒါက အသည်းကင်ဆာတမျိုးကို ကာကွယ်နိုင်လို့ ပထမဆုံး ကင်ဆာတိုက်ဖျက်တဲ့ကာကွယ်ဆေးဖြစ်ပါတယ်။

### 2 အသည်းရောင်အသားဝါ ဘီ ဗိုင်းရပ်စ်ပိုး ဘယ်လိုပြန့်ပွားသလဲ၊

ရောဂါပိုးရှိသူရဲ့ သွေးနဲ့ ကိုယ်ထဲကအရည်တွေနဲ့ထိတွေ့ရာက အသည်းရောင်အသားဝါ ဘီ ဗိုင်းရပ်စ်ပိုး ကူးပါတယ်။

- ရောဂါပိုးရှိသူနဲ့ အကာအကွယ်မဲ့လိင်ဆက်ဆံတာ၊
- တရားမဝင်မူးယစ်ဆေးထိုးတဲ့အခါ သူများသုံးတဲ့ဆေးထိုးအပ်ကိုသုံးတာ၊
- အလုပ်ခွင်မှာ သုံးပြီးသားအပ်နဲ့ အထိုးခံရတာ၊
- ကလေးမွေးချိန်မှာ ဗိုင်းရပ်စ်ပိုးက အမေကနေ ကလေးကို ကူးသွားတာ စတဲ့နည်းတွေလို နည်းအမျိုးမျိုးနဲ့ ရောဂါကူးနိုင်ပါတယ်။

အမေရိကန်ပြည်ထောင်စုက အသည်းရောင်အသားဝါ ဘီ ရောဂါပိုးရှိသူတွေ 1/3က သူတို့ ရောဂါပိုး ဘယ်လိုရမှန်း မသိကြပါဘူး။

### 3 အသည်းရောင်အသားဝါဘီကာကွယ်ဆေး ဘယ်သူထိုးရမလဲ၊ ဘယ်တော့ထိုးရမလဲ၊

1) အသက် 18 နှစ်နဲ့ 18 နှစ်အောက် လူတိုင်း
2) အန္တရာယ်ဖြစ်ဖို့ဖို့ အလားအလာရှိတဲ့ အသက် 18 နှစ်ကျော် အရွယ်ရောက်သူတွေ

HBV ရောဂါပိုးရဖို့ အန္တရာယ်ရှိတဲ့ အရွယ်ရောက်သူတွေမှာ
- 6 လအတွင်း လူတယောက်ထက်ပိုပြီး လိင်ဆက်ဆံသူတွေ၊
- ယောကျ်ားနဲ့ လိင်ဆက်ဆံတဲ့ ယောကျ်ားတွေ၊
- ရောဂါပိုးရှိသူတွေနဲ့ လိင်ဆက်ဆံသူတွေ၊
- တရားမဝင်မူးယစ်ဆေးတွေထိုးတဲ့လူတွေ၊
- ရောဂါပိုးရှိတဲ့သွေး ဒါမှမဟုတ် ကိုယ်ထဲကအရည်တွေနဲ့ ထိတွေ့နိုင်တဲ့ ကျန်းမာရေးဝန်ထမ်းတွေနဲ့ ပြည်သူ့လုံခြုံရေးဝန်ထမ်းတွေ၊
- HBV နာတာရှည်ရောဂါပိုးရှိသူတွေနဲ့ အိမ်မှာထိတွေ့တာ၊
- သွေးသန့်စင်ခံနေရတဲ့ လူနာတွေ ပါပါတယ်။

သင့်မှာ အန္တရာယ်ရှိမရှိမသေချာရင် ဆရာဝန် ဒါမှမဟုတ် သူနာပြုကို မေးပါ။

✓ **အောက်မှာပြထားတဲ့ အချိန်ဇယားအတိုင်း အသည်းရောင်အသားဝါ ဘီ ကာကွယ်ဆေး 3 ကြိမ် ထိုးရပါမယ်။** *တကယ်လို့ ဆေးတကြိမ်ထိုးဖို့ ပျက်ကွက်ရင် ဒါမှမဟုတ် ဆေးထိုးဖို့ နောက်ကျသွားရင် အတတ်နိုင်ဆုံး အမြန်ဆုံး နောက်တကြိမ် ထိုးလိုက်ပါ။ အစကနေ ပြန်စဖို့ မလိုပါဘူး။*

| အသည်းရောင်အသားဝါဘီ ကာကွယ်ဆေး အချိန်ဇယား | HBV ရောဂါပိုးရှိတဲ့ အမေကမွေးတဲ့ကလေး | HBV ရောဂါပိုးမရှိတဲ့ အမေကမွေးတဲ့ကလေး | ပိုကြီးတဲ့ကလေး၊ ဆယ်ကျော်သက်၊ ဒါမှမဟုတ် အရွယ်ရောက်သူ |
|---|---|---|---|
| ပထမအကြိမ် | မွေးပြီး 12 နာရီအတွင်း | မွေးချိန်က 2 လအတွင်း | အချိန်မရွေး |
| ဒုတိယအကြိမ် | 1 လက 2 လအရွယ် | 1 လ က 4 လအတွင်း (ပထမအကြိမ်ထိုးပြီး အနည်းဆုံး 1 လအကြာ) | ပထမအကြိမ်ထိုးပြီး 1 လက 2 လအကြာ |
| တတိယအကြိမ် | 6 လအရွယ် | 6 လက 18 လအရွယ် | ပထမအကြိမ်ထိုးပြီး 4 လက 6 လအကြာ |

- ပထမအကြိမ်ထိုးပြီး အနည်းဆုံး 1 လကြာမှ ဒုတိယအကြိမ်ထိုးရပါမယ်။
- ဒုတိယအကြိမ်ထိုးပြီး အနည်းဆုံး 2 လကြာမှ တတိယအကြိမ်ထိုးပြီး ပထမအကြိမ်ထိုးပြီး အနည်းဆုံး 4 လကြာမှ ထိုးရပါမယ်။
- 6 လအောက် မွေးကင်းစကလေးတွေကို တတိယအကြိမ်ထိုးရင် ရေရှည်ကာကွယ်မှု လျော့နည်းစေလို့ သူတို့ကို တတိယအကြိမ် မထိုးပေးရပါဘူး။

11 နှစ်က 15 နှစ်ရှိ ဆယ်ကျော်သက်တွေ 4 လက 6 လခြားပြီး အသည်းရောင်အသားဝါ ဘီ ကာကွယ်ဆေး နှစ်ကြိမ်ပဲ ထိုးဖို့ လိုနိုင်ပါတယ်။ အသေးစိတ်သိဖို့ သင့်ဆရာဝန်ကို မေးပါ။

တခြားကာကွယ်ဆေးတွေ ထိုးစဉ် အသည်းရောင်အသားဝါ ဘီ ကာကွယ်ဆေး ထိုးပေးနိုင်ပါတယ်။

## 4 တချို့လူတွေ အသည်းရောင်အသားဝါ ဘီ ကာကွယ်ဆေး မထိုးသင့်ပါဘူး။ ဒါမှမဟုတ် စောင့်ပြီး နောက်မှ ထိုးရပါမယ်။

(ပေါင်မုန့်ဖုတ်တဲ့အခါသုံးတဲ့တဆေးလို) **မုန့်ဖုတ်တဆေး** ဒါမှမဟုတ် **အရင်တကြိမ်ကထိုးတဲ့ အသည်းရောင်အသားဝါ ဘီ ကာကွယ်ဆေးနဲ့** အသက်အန္တရာယ်ရှိလောက်အောင် မတည့်ဖူးတဲ့လူတွေ အသည်းရောင်အသားဝါဘီကာကွယ်ဆေး မထိုးသင့်ပါဘူး။



ဆေးထိုးဖို့အချိန်ကျတဲ့အခါမှာ အသင့်အတင့် ဒါမှမဟုတ် အကြီးအကျယ် ဖျားနေသူတွေက နေကောင်းတဲ့အထိ စောင့်ပြီးမှ အသည်းရောင်အသားဝါ ဘီ ကာကွယ်ဆေးထိုးရလေ့ရှိပါတယ်။

အချက်အလက်ပိုသိချင်ရင် သင့်ဆရာဝန် ဒါမှမဟုတ် သူနာပြုကို မေးပါ။

## 5 အသည်းရောင်အသားဝါ ဘီ ကာကွယ်ဆေးထိုးရင် ဘယ်လိုအန္တရာယ်တွေ ရှိသလဲ။

အသည်းရောင်အသားဝါ ဘီ ကာကွယ်ဆေးကြောင့် ကြီးလေးတဲ့အန္တရာယ်၊ ဒါမှမဟုတ် သေဆုံးတာတို့ အရမ်းဖြစ်ခဲပါတယ်။

အသည်းရောင်အသားဝါဘီ ကာကွယ်ဆေးထိုးတာက အသည်းရောင်အသားဝါရောဂါ ရတာထက်စာရင် အများကြီး အန္တရာယ်ပိုကင်းပါတယ်။

အသည်းရောင်အသားဝါ ဘီ ကာကွယ်ဆေးထိုးသူအများစုမှာ ကာကွယ်ဆေးကြောင့် ဘာပြဿနာမှ မဖြစ်ပါဘူး။

### သေးငယ်သောအန္တရာယ်များ

- ဆေးထိုးတဲ့နေရာမှာ တရက် ဒါမှမဟုတ် နှစ်ရက်ကြာအောင် နာတာ (ကလေးတွေနဲ့ ဆယ်ကျော်သက်တွေ 11 ယောက်မှာ 1 ယောက်အထိနဲ့ အရွယ်ရောက်သူတွေ 4 ယောက်မှာ 1 ယောက်လောက်အထိ)
- ကိုယ်အပူချိန်နည်းနည်းက အသင့်အတင့်တက်တာ (ကလေးတွေနဲ့ ဆယ်ကျော်သက်တွေ 14 ယောက်မှာ 1 ယောက်နဲ့ အရွယ်ရောက်သူတွေ အယောက် 100 မှာ 1 ယောက်အထိ)

### ကြီးကျယ်သည့်ပြဿနာများ

- ဆေးနဲ့ အကြီးအကျယ် မတည့်တာ (အရမ်းဖြစ်ခဲပါတယ်။)

## 6 ဆေးနဲ့ အသင့်အတင့် ဒါမှမဟုတ် အကြီးအကျယ် မတည့်ရင် ဘာလုပ်ရမလဲ။

### ဘာတွေ ရှာရမလဲ။

ဆေးနဲ့ အကြီးအကျယ် မတည့်တာ၊ အဖျားကြီးတာ ဒါမှမဟုတ် အပြုအမူပြောင်းလဲတာလိုမျိုး ခါတိုင်းနဲ့ မတူတဲ့ အခြေအနေတွေ။ ဆေးနဲ့ အကြီးအကျယ် မတည့်တာက ကာကွယ်ဆေးတွေနဲ့ အရမ်းဖြစ်ခဲပါတယ်။ ဆေးနဲ့ ပြင်းပြင်းထန်ထန်မတည့်တဲ့ လက္ခဏာတွေက ဆေးထိုးပြီး မိနစ်အနည်းငယ်က နာရီအနည်းငယ်အတွင်း ဖြစ်ပါမယ်။ လက္ခဏာတွေထဲမှာ အသက်ရှူရခက်ခဲတာ၊ အသံအက်တာ ဒါမှမဟုတ် ချွဲသလိပ်သံနဲ့အသက်ရှူတာ၊ အင်ပျဉ်ထတာ၊ ဖြူဖတ်ဖြူလျော်ဖြစ်တာ၊ အားနည်းတာ၊ နှလုံးခုန်မြန်တာ ဒါမှမဟုတ် ခေါင်းမူးတာတို့ ပါပါတယ်။

### ဘာလုပ်ရမလဲ။

- ဆရာဝန်ဆီ **တယ်လီဖုန်းဆက်ပါ။** ဒါမှမဟုတ် လူနာကို ဆရာဝန်ဆီ ချက်ချင်းခေါ်သွားပါ။
- ဘာဖြစ်သလဲ၊ ဘယ်နေ့ ဘယ်အချိန်မှာ ဖြစ်သလဲ၊ ကာကွယ်ဆေး ဘယ်တုန်းကထိုးသလဲဆိုတာ ဆရာဝန်ကို **ပြောပါ။**
- ဆရာဝန်၊ သူနာပြု ဒါမှမဟုတ် ကျန်းမာရေးဌာနကို ကာကွယ်ဆေးထိခိုက်မှု တိုင်ကြားခြင်းစနစ် (Vaccine Adverse Event Reporting System - VAERS) ပုံစံဖြည့်ပြီး ဒီလိုဖြစ်တာကို **တိုင်ကြားခိုင်းပါ။**

ဒါမှမဟုတ် VAERS ရဲ့ အင်တာနက်ဝက်ဘ်ဆိုဒ် www.vaers.org သွားပြီး ဒါမှမဟုတ် 1-800-822-7967 ကို တယ်လီဖုန်းဆက်ပြီး သင်ကိုယ်တိုင် တိုင်ကြားနိုင်ပါတယ်။

*VAERS က ကျန်းမာရေးဆိုင်ရာ အကြံပေးချက်တွေ မလုပ်ပါဘူး။*

## 7 နိုင်ငံတော် ကာကွယ်ဆေးထိခိုက်မှု လျော်ကြေးအစီအစဉ်

အရမ်းဖြစ်ခဲပေမဲ့ သင် ဒါမှမဟုတ် သင့်ကလေးဟာ ကာကွယ်ဆေးတခုခုနဲ့ မတည့်ခဲ့ရင် အန္တရာယ်ကြုံရသူတွေကို စောင့်ရှောက်လို့ ကုန်ကျစရိတ်အတွက် အထောက်အကူပေးဖို့ နိုင်ငံတော် အစီအစဉ်တရပ် ဖန်တီးထားပါတယ်။

နိုင်ငံတော် ကာကွယ်ဆေးထိခိုက်မှု လျော်ကြေးအစီအစဉ် (National Vaccine Injury Compensation Program)နဲ့ပတ်သက်ပြီး အသေးစိတ်သိလိုပါက **1-800-338-2382** ကို တယ်လီဖုန်းဆက်ပါ၊ ဒါမှမဟုတ် ဒီအစီအစဉ်ရဲ့ အင်တာနက်ဝက်ဘ်ဆိုဒ် **www.hrsa.gov/osp/vicp** မှာ ဖတ်ပါ။

## 8 ဒီအကြောင်း ဘယ်လို ပိုသိနိုင်မလဲ။

- သင့်ဆရာဝန် ဒါမှမဟုတ် သူနာပြုကို မေးပါ။ ကာကွယ်ဆေးဆိုင်ရာ လက်ကမ်းစာစောင် ပေးနိုင်ပါတယ်၊ ဒါမှမဟုတ် အချက်အလက်တွေ ရနိုင်တဲ့ တခြားနေရာတွေ ပြောပြနိုင်ပါတယ်။
- ဒေသခံ ဒါမှမဟုတ် ပြည်နယ် ကျန်းမာရေးဌာနရဲ့ ကာကွယ်ဆေးအစီအစဉ်ကို တယ်လီဖုန်းဆက်ပါ။ 1-888-767-4687
- ရောဂါထိန်းသိမ်းရေးနှင့်ကာကွယ်ရေးဌာန(Centers for Disease Control and Prevention - CDC) ကို ဆက်သွယ်ပါ။
  - **1-800-232-4636** (1-800-CDC-INFO) ဒါမှမဟုတ် **1-888-443-7232** ကို တယ်လီဖုန်းဆက်ပါ။
  - နိုင်ငံတော်ကာကွယ်ဆေးအစီအစဉ်ရဲ့ အင်တာနက်စာမျက်နှာ **www.cdc.gov/nip** ဒါမှမဟုတ်\ CDC ရဲ့ ဗိုင်းရပ်စ်ကြောင့်ဖြစ်ပေါ်တဲ့ အသည်းရောင်အသားဝါရောဂါဆိုင်ရာ ဌာနခွဲရဲ့ အင်နာနက်စာမျက်နှာ **www.cdc.gov/hepatitis** ကိုကြည့်ပါ။

DCH-0450BU

**U.S. DEPARTMENT OF HEALTH & HUMAN SERVICES**
Centers for Disease Control and Prevention
National Immunization Program

Vaccine Information Statement
Hepatitis B IMM-663E - Burmese (7/11/01) 42 U.S.C. § 300aa-26
Translated by Transcend, Davis, CA
www.transcend.net

AUTH: P.H.S., Act 42, Sect. 2126.

ကာကွယ်ဆေးထိုးထားတဲ့အခြေအနေ၊ ကာကွယ်ဆေး စိစစ်ချက်နဲ့ နောင်မှာ ကာကွယ်ဆေးထိုးသင့်တဲ့အချိန်တို့ကို ဆရာဝန်(တွေ)က တိတိကျကျရနိုင်အောင် (Michigan Care Improvement Registry) မစ်ရှီဂင် ကုသမှု တိုးတက်ကောင်းမွန်ရေး စာရင်းကို အချက်အလက်တွေ ပို့လိုက်ပါမယ်။ ကာကွယ်ဆေးဆိုင်ရာ အချက်အလက်တွေကို ဒီစာရင်းကို ပို့မပေးဖို့ ဆရာဝန်တွေကို တောင်းဆိုပိုင်ခွင့် လူပုဂ္ဂိုလ်တွေမှာ ရှိပါတယ်။